# DOWN SYNDROME

BURMESE

## ဒေါင်းရောဂါလက္ခဏာစုဆိုတာ ဘာလဲ

ယနေ့ခေတ်တွင် အမေရိကန်ပြည်ထောင်စု၌ ဒေါင်းရောဂါလက္ခဏာခံစားနေရသူ သိန်းပေါင်းများစွာရှိသည်။ ပိုမိုကောင်းမွန်သော လူနေမှုအဆင့်အတန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင်မှုတို့ကြောင့် ဒေါင်းရောဂါလက္ခဏာစု ရှိသူများသည် အသက်ခြောက်ဆယ်ကျော်အထိ နေထိုင်နိုင်လျက်ရှိပြီး ထိုသို့နေထိုင်နိုင်သူအရေအတွက်မှာ တိုးလာနေပါသည်။ မွေးကင်းစမှစ၍ ကလေးဘဝကိုဖြတ်သန်းပြီး အရွယ်ရောက်ပြီးသူ ဖြစ်သည်အထိ ဒေါင်းရောဂါလက္ခဏာစုရှိသူများနှင့် ၎င်းတို့၏ မိသားစုများအား ပံ့ပိုးကူညီမှု၊ လမ်းညွှန်မှုနှင့် အသိုင်းအဝိုင်းအတွင်း ပါဝင်မှုရှိသော ခံစားမှုမျိုး ပံ့ပိုးပေးခြင်းဖြင့် ဝန်ဆောင်မှုပေးခွင့်ရသည်မှာ Down Syndrome Indiana, Inc. အတွက် အထူးအခွင့်အရေးဖြစ်ပါသည်။







ဦးစွာပထမအနေနှင့် ဒေါင်းရောဂါလက္ခဏာစုဖြစ်စေရန် သို့မဟုတ် ထိုရောဂါဖြစ်ခြင်းမှကာကွယ်ရန် မိဘတစ်ဦးအနေဖြင့် လုပ်ဆောင်နိုင်သည့်အရာ မရှိပါ။ ဒေါင်းရောဂါလက္ခဏာစုသည် ပထမဆုံး ရှာဖွေတွေ့ရှိခဲ့သောသမားတော် Langdon Down ကိုအစွဲပြု၍ခေါ်ဝေါ်သည့် ခရိုမိုဆုမ်းဆိုင်ရာ အခြေအနေတစ်ခုဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် ကမ္ဘာပေါ်တွင် မွေးဖွားသောကလေးငယ် 691 ယောက်အနက် 1 ယောက်တွင် ဒေါင်းရာဂါလက္ခဏာစု ပါလာတတ်သည်။ ၎င်းသည် မည်သည့်လူမျိုးတွင်ဖြစ်စေ၊ မည်သည့် လူမှုစီးပွားရေးအခြေအနေတွင်ဖြစ်စေ ဖြစ်ပွားသည်။

ဒေါင်းရောဂါလက္ခဏာရှိသူ အများစုတွင် ခရိုမိုဆုမ်းနံပါတ် 21 ပါရှိတတ်သည် သို့မဟုတ် ခရိုမိုဆုမ်းနံပါတ် 21 မိတ္တူသုံးခုပါရှိတတ်ပြီး ယင်းသို့ဖြစ်ပွားမှုသည် သတ်သတ်မှတ်မှတ် ပုံစံမရှိပါ။ အသက်ကြီးသောအမျိုးသမီးများတွင် ဒေါင်းရောဂါလက္ခဏာစုရှိသည့် ကလေးရနိုင်ခြေ ပိုများသည်ဟု သင်ကြားဖူးနိုင်သည်။ အသက်ကြီးလာသည်နှင့်အမျှ ဒေါင်းရောဂါလက္ခဏာစုရှိသော ကလေးရနိုင်ခြေ များသည်မှာ မှန်သော်လည်း ဒေါင်းရောဂါလက္ခဏာစုရှိသော ကလေးအများစုသည် အသက် 30 နှစ်အောက် အမျိုးသမီးများမှ မွေးဖွားလာခြင်း ဖြစ်သည်။

ဒေါင်းရောဂါလက္ခဏာစု အကြောင်း ပိုမိုသိရှိလိုပါက dsindiana.org သို့ ဝင်ရောက်ကြည့်ရှုပါ။ သင်သည် Down Syndrome Indiana, Inc. ရုံးကို (317) 925-7617 တွင် သို့မဟုတ် အီးမေးလ်- info@dsindiana.org တွင်လည်း ဆက်သွယ်နိုင်သည်။

Down Syndrome Indiana™